MHAA

# Myanmar Health Assistant Association
# Vacancy Announcement
# (VA-105/2026 MHAA-HR)

| | |
|---|---|
| **ရာထူးအမည်** | Community Mobilizer (လူထုစည်းရုံးရေးမှူး) |
| **အရေအတွက်** | ၂ ဦး |
| **စီမံချက်အမည်** | IHN Project |
| **ခန့်ထားမည့်ဒေသ** | လယ်ဝေးမြို့နယ် နှင့် ပျဉ်းမနားမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။ |
| **အစီရင်ခံရမည့်သူ** | Project Coordinator (စီမံချက်ညှိနှိုင်းရေးမှူး) |
| **ရာထူးအဆင့်** | A2 |
| **လျှောက်လွှာပိတ်ရက်** | **၁၈ ရက်နေ့ အောက်တိုဘာလ ၂၀၂၆ ခုနှစ်** |

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (MHAA)** သည် ကျန်းမာရေးမှူးများနှင့် ဖွဲ့စည်းထားပြီး ကျန်းမာရေးဆိုင်ရာမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းများမှတဆင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီညီမျှသော အရည်အသွေးရှိသော ပြည်သူ့ကျန်းမာရေးပညာရှင်များ စုစည်းထားသော အမျိုးသားအသင်းအဖွဲ့ ဖြစ်သည်။ **MHAA** သည် ပြည်သူလူထု၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိသော စည်းလုံးညီညွတ်သည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ခု အဖြစ်ရပ်တည်သော အဖွဲ့အစည်းဖြစ်သည်။ **MHAA** သည် မြန်မာနိုင်ငံရှိ ကျန်းမာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်သည့် ရပ်ရွာလူထုများ၏ သုခချမ်းသာအတွက် ညှိနှိုင်းခြင်း၊ ထိရောက်ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများကို ပိုမိုခိုင်မာစေရန်နှင့် တိုးတက်စေရန် အာရုံစိုက်သည်။ **MHAA** သည် လက်ရှိမြန်မာနိုင်ငံ၏ (၉၄)မြို့နယ်ရှိ ရောဂါထိန်းချုပ်ရေး၊ RMNCH, NUTRITION, WASH, HSS နှင့် အရေးပေါ်တုန့်ပြန်မှုများနှင့်အတူ စီမံကိန်းအမျိုးမျိုးကို လုပ်ကိုင်နေပါသည်။ **MHAA** ၏ ရုံးချုပ်သည် ရန်ကုန်တွင်ရှိပြီး ရုံးခွဲများသည် ပြည်နယ်/တိုင်း၊ ခရိုင်/မြို့နယ် အဆင့်အားလုံးတွင် တည်ရှိသည်။ **MHAA** ၏ အဓိကတန်ဖိုးများမှာ - တာဝန်ယူမှု၊ ဂုဏ်သိက္ခာရှိမှု၊ ကိုယ်ကျင့်စာနာစိတ်ရှိမှု၊ လူသားဂုဏ် သိက္ခာအားလေးစားမှု၊ ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း စသည်တို့ဖြစ်သည်။ **MHAA** အကြောင်းကို ပိုမိုသိရှိလိုပါက www.myanmarhaa.org တွင် ကြည့်ရှုနိုင်ပါသည်။

လူထုစည်းရုံးရေးမှူး၏ တာဝန်ဝတ္တရားများ

- ❖ အရေးပေါ် လူနာလူနာ ထောက်ပံ့ခြင်း လုပ်ငန်းများအတွက် ကြိုတင်ငွေထုတ်ယူခြင်း၊ ငွေပေးချေ ရန် သက်ဆိုင်ရာ supervisor ထံမှ စီစစ်အတည်ပြုခြင်း နှင့် လူနာများအား ထောင်ပံ့ငွေပေးချေခြင်း ၊ လုပ်ငန်းများကို ဆောင်ရွက်ရမည်။
- ❖ စီမံချက်နှင့် ပက်သက်သော ပစ္စည်း များ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို တာဝန်ယူ ဆောင် ရွက် ရမည်။
- ❖ ကြီးကြပ်သူမှ အနီးကပ်ချမှတ်သည့် တာဝန်များကို တာဝန်ယူဆောင်ရွက်ရမည်။

အခြားဝတ္တရားများ

- ❖ သက်ဆိုင်ရာ ကြီးကြပ်သူ အရာရှိ၏ ပံ့ပိုးမှုဖြင့် လစဉ်လုပ်ငန်းအစီအစဉ်များကို ရေးဆွဲရန်။
- ❖ ရပ်ရွာအခြေပြု လုပ်ငန်းများနှင့် စီမံချက်၏ အောင်မြင်မှုဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ လစဉ်အစီရင်ခံစာများတင်ပြရန်အတွက် ကြီးကြပ်သူ အရာရှိအား ကူညီပေးရန်။
- ❖ စီမံချက်အတွက်လိုအပ်သော အရာများဝယ်ယူပြင်ဆင်ရာတွင် ကူညီရန်။
- ❖ အဖွဲ့အစည်း မှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာရန်။
- ❖ လုပ်ဖော်ကိုင်ဖက်များ၊ ကျေးရွာလူထုနှင့် ရပ်ရွာအကျိုးလုပ်ကိုင်သူများနှင့် ကောင်းမွန်စွာ ဆက်သွယ်မှု ပြုရန်။
- ❖ စီမံချက်အတွက် အရည်အသွေးပြည့်ဝသော လုပ်ဆောင်မှုများကို အချိန်မှီ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အထောက်အပံ့ပေးသော ဌာနများ (ငွေစာရင်းဌာန၊ စီမံခန့်ခွဲရေးဌာန) နှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ စီမံချက် မှ ချမှတ်ထားသော အစီရင်ခံစာပုံစံအရ စီမံချက်လုပ်ဆောင်မှု အချက်အလက်များကို ဖြည့်သွင်းခြင်းများ ပြုလုပ်ပြီး လစဉ် အစီရင်ခံစာတင်ရန်။
- ❖ ကြီးကြပ်သူမှ အခါအားလျော်စွာ ပေးအပ်လာသော အခြားတာဝန်များကိုလည်း လုပ်ဆောင် ပေးရန်။

အရည်အချင်းနှင့် လုပ်ငန်း လိုအပ်ချက်များ

- ❖ အနည်းဆုံးအခြေခံ ပညာအထက်တန်း အောင်မြင် ပြီးသူ (သို့မဟုတ်) လုပ်ငန်းနှင့် ကိုက်ညီသော ပညာ အရည်အချင်းရှိသူ ဖြစ်ရမည်။
- ❖ ကျန်းမာရေးစီမံချက်များတွင် လုပ်ကိုင်ဖူးသည့် အတွေ့အကြုံရှိပြီး ဘွဲ့ရသူများကို ဦးစားပေးရွေးချယ်မည်။
- ❖ ပစ္စည်းဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်းခြင်းလုပ်ငန်းများနှင့် ပက်သက်၍ အတွေ့အကြုံ ရှိသူဖြစ်ရမည်။
- ❖ ကျန်းမာရေး ပညာပေးခြင်းနှင့် လူထုကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းများကို စိတ်ပါဝင်စားသူ ဖြစ်ရမည်။
- ❖ အသင်းအဖွဲ့များနှင့် ကောင်းမွန်စွာ စုပေါင်းလုပ်ဆောင်နိုင်သူဖြစ်ရမည်။
- ❖ ယာယီကူညီကယ်ဆယ်ရေး စခန်းများနှင့် ကျေးရွာများသို့ ခရီးသွားနိုင်သူဖြစ်ရမည်။

- ❖ လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- ❖ လူထုပူးပေါင်းပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်မှုများတွင် အတွေ့အကြုံရှိသူ ဖြစ်ရမည်။
- ❖ ဒေသခံများကို ဦးစားပေးမည်။
- ❖ မြန်မာဘာသာနှင့် ဒေသခံဘာသာစကား ကျွမ်းကျင်သူများကို ဦးစားပေးမည်။

## လျှောက်လွှာညွှန်ကြားချက်များ

စိတ်ပါဝင်စားသူများသည် ပူးတွဲပါ link မှတစ်ဆင့် လျှောက်ထားနိုင်ပါသည် - Community Mobilizer_Lewe and Pyinmana_IHN. လျှောက်ထားရမည့်နောက်ဆုံးရက်မှာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်၊ မြန်မာစံတော်ချိန် ညနေ ၅း၀၀ နာရီထိ ဖြစ်သည်။

- **လျှောက်ထားသောနေရာကို မှန်ကန်စွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**
- **ရွေးချယ်ခံရသော လျှောက်လွှာရှင်များကိုသာ တွေ့ဆုံမေးမြန်းရန်အတွက် ဆက်သွယ်မည်ဖြစ်သည်။**
- **နောက်ဆုံးပေးပို့ရမည့် နေ့ရက်နှင့် အချိန်ထက် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

**MHAA** သည် တန်းတူညီမျှအခွင့်အရေးရရှိသော အဖွဲ့အစည်းဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အသက်၊ ကျား၊မ၊ လိင်စိတ်တိမ်းညွှတ်မှု၊ မသန်စွမ်းမှု စသည်တို့ခွဲခြားမှုမရှိဘဲ အရည်အချင်းပြည့်မီသော လျှောက်ထားသူအားလုံးထံမှ လျှောက်လွှာများကို ကြွန်ုပ်တို့မှ ကြိုဆိုပါသည်။ MHAA တွင် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ နှောက်ယှက်မှုနှင့် အလွဲသုံးစားပြုမှုကို (လုံးဝ) လက်မခံသော အဖွဲ့အစည်းဖြစ်ပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် MHAA ၏ကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်များကို ဝန်ထမ်းအားလုံးမှ လေးစားလိုက်နာရသော အဖွဲ့အစည်းဖြစ်သည်။